# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 5 , 2024 Volume 74, Number 4

၅.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၄ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၀၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၈၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)သို့ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြား



၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂)၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) သို့ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်အနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၂ (က) တွင် ပြဋ္ဌာန်းသော စားသုံးသူကာကွယ်ရေးဟူသည့် အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီ စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အဓိကတာဝန်ရှိပါကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို သုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာသည့် စားသုံးသူထိခိုက်နစ်နာဆုံးရှုံးမှုများကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဦးစားပေးကုန်စည်များကို ရွေးချယ်

သတ်မှတ်၍ ဆောင်ရွက်ရုံမျှသာမက စစ်ဆေးရေးမှူးများကိုလည်း ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်ထားပြီးဖြစ်သည့်အတွက် ကုန်စည်များကို ဘေးအန္တရာယ်ရှိ/မရှိ စောင့်ကြည့်စစ်ဆေးသွားရန် လိုအပ် ပါကြောင်း၊ စစ်ဆေးရေးမှူးများအနေဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် တာဝန်ယူဆောင်ရွက်ရာတွင် လုပ်ငန်းကျွမ်းကျင်မှုရှိရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာလုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်ကြရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စားသုံးသူရေးရာကော်မတီများ၊ ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူတိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် တိုင်ကြားသူ၏ နစ်နာဆုံးရှုံးမှု၊ ကျူးလွန်ဖောက်ဖျက်ခံရမှုအပေါ်မူတည်၍ ဥပဒေနှင့်အညီ သင့်လျော်သော အရေးယူမှုများ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လာမည့် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကိုလည်း စားသုံးသူ အခွင့်အရေးများ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျင်းပဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပါသည်။

ဆက်လက်၍ ယခင်လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကော်မရှင်ကအဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေး၍ ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် စီးပွားရေးရာဝန်ကြီးများက Online ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## အိန္ဒိယနိုင်ငံသို့ မြန်မာ့ထောပတ်သီးကို ရေလမ်းကြောင်းမှ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ



အိန္ဒိယနိုင်ငံအခြေစိုက် ထောပတ်သီးကုမ္ပဏီတစ်ခုက မြန်မာ့ထောပတ်သီးကို ဝယ်ယူရန်ကမ်းလှမ်းထားပြီး သယ်ယူပို့ဆောင်စရိတ်သက်သာစေမည့် ရေလမ်းကြောင်းမှတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများ၏ ပြောပြချက်အရ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲမျိုးစုံနှင့်ထောပတ်သီးတို့ကို အိန္ဒိယနိုင်ငံသံရုံး၌ ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု (၇၅) နှစ်မြောက် အထိမ်းအမှတ်ပွဲတွင် မိတ်ဆက်ပြသခဲ့ပြီး အရည်အသွေးကောင်းမွန်သော Hass အမျိုးအစား ထောပတ်သီးကို နှစ်သက်ကြသဖြင့် အိန္ဒိယနိုင်ငံမှဝယ်ယူရန် ကမ်းလှမ်းခဲ့ကြောင်းသိရသည်။

"အိန္ဒိယနိုင်ငံက ထောပတ်သီးဝယ်ဖို့ ကမ်းလှမ်းထားတာရှိတော့ အဆင်ပြေဆုံးနဲ့ စရိတ်အသက်သာဆုံးဖြစ်မယ့်လမ်းကြောင်းကို စဉ်းစားရတာပေ့ါ။ လောလောဆယ် ရေလမ်းကြောင်းကနေ စမ်းသပ်တင်ပို့ဖို့လုပ်နေပါတယ်"ဟု ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူ ဦးခွန်ထွန်းကပြောသည်။

ကမ္ဘာ့ဈေးကွက်တွင် ထောပတ်သီးတစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ငါးဒေါ်လာအထိ ဈေးရရှိနေပြီး၊ ပြည်ပသို့ လေကြောင်းဖြင့် ပို့ဆောင်စရိတ်မှာ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ သုံးဒေါ်လာရှိသည့်အတွက် ရေလမ်းကြောင်းမှ တင်ပို့ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း၊ ထို့အတူ တောင်ကြီးမြို့၌ အအေးခန်းစက်ရုံများ တည်ဆောက်နိုင်ရန် ရှမ်းပြည်နယ်

အစိုးရအဖွဲ့၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ဒေသထွက်ထောပတ်သီးနှင့်ကိုင်းဆက်အသီးဟူ၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိကာ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်ပသို့ ရှမ်းပြည်နယ်တောင်ပိုင်းမှထွက်ရှိသည့် ထောပတ်သီးကို အများဆုံးတင်ပို့လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ ဒေသထွက်ထောပတ်သီးတန်ချိန် ၄၀၀၀ မှ ၅၀၀၀ အထိ ထွက်ရှိပြီး ပြည်ပဈေးကွက်ဝင် ကိုင်းဆက်ထောပတ်သီး တန်ချိန် ၁၅၀၀ မှ ၂၅၀၀ အထိ ထွက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/50401

## မန္တလေးဈေးကွက်အတွင်း ပခုက္ကူဒေသထွက် ကြက်သွန်နီများ အရောင်းအဝယ်ကောင်း



မန္တလေးဈေးကွက်အတွင်း၌ ပခုက္ကူဒေသမှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့ရှိ ကြက်သွန်ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း၌ ကြက်သွန်နီများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ကြက်သွန်နီဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေ အရောင်းအဝယ် တော်တော်လေးကောင်းနေပါတယ်။ ပြီးတော့ ဆိပ်ဖြူနဲ့မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်ပြန်ကောင်းလာတယ်"ဟု အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေကပြောသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀၊ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။ "အခုလတ်တလောကတော့ ပခုက္ကူဘက်ကနေထွက်ရှိတဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတယ်။ ပြည်ပနိုင်ငံတွေက ကြက်သွန်နီအဝယ်များရင်တော့ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်က ဒီထက်ပိုပြီးကောင်းလာဖို့ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

**Source:** https://www.popularmyanmar.com/?p=144106

## အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်နှင့်အတူ မြန်မာ့ပဲဈေးကွက် နှစ်ဦးပိုင်းကတည်းက အမြင့်ဈေးဖြစ်နေ

အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်နှင့်အတူ မြန်မာ့ပဲဈေးကွက် နှစ်ဦးပိုင်းမှာကတည်းက အမြင့်ဈေးဖြစ်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်း ပဲလက်ကျန်အဟောင်းများ နည်းပါးလာတာနှင့်အတူ ပြည်တွင်းကုလားပဲအုပ်စု ဈေးမြင့်တက်နေပြီး ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံတို့မှာလည်း အိန္ဒိယ၏ လိုအပ်ချက်မြင့်မားမှုသတင်းများကြောင့် အသစ်ဝင်ရောက်မှု မရှိသေးသော်လည်း အမြင့်ဈေးဖြစ်နေကြောင်း၊ သို့သော်လည်း ပဲနှမ်းဈေးကွက်အတွင်းသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု မရှိဘဲ ရောက်လာမှသာ အရောင်းအဝယ်အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ရွှေစင်သိန်း ပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ပြည်တွင်းသုံး ကုလားပဲအုပ်စုကတော့ လျှောင်လက်သမားတွေနဲ့ မန္တလေးမြို့မှာ လက်ကျန်လုံးဝမရှိတော့လို့ ဈေးမြင့်တက်နေပါတယ်။ မတ်ပဲနှင့်ပဲစင်းငုံကတော့ နှစ်ဦးပိုင်းမှာကတည်းက စတက်လာတာ အမြင့်ဈေးတွေ ရောက်လာပေမဲ့ ဈေးကွက်ထဲကို ပစ္စည်းအဝင်ကနည်းပါသေးတယ်။ ပဲစင်းငုံအသစ်ဝင်ရောက်မှုက ရာဂဏန်းလောက်ပဲ ဝင်ရောက်သေးတာပါ။ လက်တွေ့ဝယ်ယူမှုအနေနဲ့ ပမာဏနည်းပါသေးတယ်။ ကြိုရောင်း၊ ကြိုဝယ်ဆိုရင်တော့ အိတ်ရေထောင်ချီပြီး ဝယ်နေကြတယ်။

လက်ရှိမှာ အိန္ဒိယဝယ်လိုအား ပမာဏများနိုင်တာမို့လည်း ဝယ်လိုအားက လက်ရှိပေါက်ဈေးထက် ကျဆင်းစရာမရှိပါဘူး။ သို့ပေမဲ့ ဈေးကွက်ထဲကို လမ်းပန်းဆက်သွယ်ရေးကောင်းကောင်းနဲ့ ချောချောမွေ့မွေ့ဝင်ရောက်ဖို့ လိုအပ်ပါတယ်”ဟု ၎င်းကပြောသည်။

ဇန်နဝါရီ ၃ ရက်တွင် မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂,၈၆,၀၀၀ ၊ ပဲစင်းငုံ ပိဿာ ၆၀ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၃,၁၅,၀၀၀ ပေါက် ဈေးရှိနေသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁,၈၅,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်ဈေးသာရှိနေပြီး ဇန်နဝါရီ ၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂,၉၀,၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၃,၀၀,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၇,၅၀,၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၇၇,၀၀၀ ပေါက်ဈေးဖြင့် ဈေးဆက်လက် မြင့်တက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်း များမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄,၄၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၄၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ မြေပဲအနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၆၉၀၀-၇၀၀၀ ပေါက်ဈေး မြင့်တက်လာသည်။

ဇန်နဝါရီလ ၃ ရက်တွင် နှမ်းဖြူရိုးရိုး ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃,၄၀,၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀၊ နှမ်းဝါ(သစ်) တစ်အိတ်လျှင် ၂,၉၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃,၅၅,၀၀၀ အသီးသီးပေါက်ဈေး ရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကြက်သွန်နီတန်ချိန် ၉ သိန်း ဝယ်ယူခွင့် အိန္ဒိယအစိုးရထံ အင်ဒိုနီးရှားတောင်းခံမည်



အင်ဒိုနီးရှားသည် ကြက်သွန်နီကို အမေရိကန်၊ အိန္ဒိယနှင့်နယူးဇီလန်တို့ထံမှ အဓိကအားဖြင့် တင်သွင်းသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း ကြက်သွန်နီဈေးနှုန်း မြင့်တက်လာသည်ကို ထိန်းရန် ကြက်သွန်နီ ပြည်ပတင်ပို့မှု လျှော့ကျစေရန်အတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကြက်သွန်နီ ပြည်ပတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်း ပြဋ္ဌာန်းခဲ့သည်။

ထို့နောက် အောက်တိုဘာလတွင် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း minimum export price MEP တစ်တန်လျှင် ကန်ဒေါ်လာ ၈၀၀ ဟု ပြဋ္ဌာန်းသည်။

ထိုသို့ ဆောင်ရွက်သော်လည်း ရာသီဥတုဆိုးဝါးသဖြင့် ကြက်သွန်ခင်းများပျက်စီးခဲ့သဖြင့် ပြည်တွင်းကြက်သွန်နီဈေးနှုန်းများ မြင့်မားနေသဖြင့် ဒီဇင်ဘာလတွင် ကြက်သွန်နီ ပြည်ပတင်ပို့မှု လုံးဝပိတ်ပင်လိုက်သည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်ကုန် မတ်လ ၃၁ ရက်အထိ ပိတ်ပင်ထားသည်။ “အိန္ဒိယက ကြက်သွန်နီတင်ပို့မှု ပိတ်ပင်ပြီးနောက် အင်ဒိုနီးရှားက ကုန်သည်တွေနဲ့ တင်သွင်းသူတွေက အိန္ဒိယကြက်သွန်နီကို တောင်းဆိုလာကြပါတယ်။ ကြက်သွန်နီ ကန်ဒေါ်လာ ၁ သိန်းဖိုး တန်ချိန် ၉ သိန်း ဝယ်လိုအားရှိနေပါတယ်။ ဒီတော့ အိန္ဒိယအစိုးရထံ တောင်းဆိုချက်ပေးပို့ထားပါတယ်" ဟု တာဝန်ရှိသူတဦးက ပြောကြားသည်။

အိန္ဒိယသည် ကမ္ဘာ့ကြက်သွန်နီတင်ပို့မှု၏ လေးပုံတစ်ပုံခန့်ကိုတင်ပို့ပြီး၊ နယ်သာလန်နှင့်မက္ကဆီကိုပြီးလျှင် တတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလမှအောက်တိုဘာလအထိ အိန္ဒိယနိုင်ငံသည် ကြက်သွန်နီတန်ချိန် ၁ ဒသမ ၄ သန်း တင်ပို့ခဲ့ရာ၌ အင်ဒိုနီးရှားသို့ ၃၆,၁၄၆ တန် တင်ပို့ခဲ့သည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားသို့ ၁,၁၆,၆၉၅ သန်း တင်ပို့ခဲ့သည်။

**Source: livemint**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7356-asia-onion.html

## ယခုလအတွင်း အိန္ဒိယမှ တင်သွင်းနိုင်ခြေကြောင့် ပဲစင်းငုံတစ်တန် ကျပ် ၃၃ သိန်းကျော်လာ



ဇန်နဝါရီလအတွင်း အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ ပဲစင်းငုံတန်ချိန် ၁ သိန်း ဝယ်ယူတင်သွင်းလာနိုင်ခြေရှိတာကြောင့် ပဲစင်းငုံတစ်တန် ကျပ် ၃၃ သိန်းကျော်အထိ မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရပါတယ်။

ဒီဇင်ဘာလ တတိယပတ်မှာ ပဲစင်းငုံဈေးက ကျပ်သိန်း ၃၀ ဝန်းကျင်သာ ရှိခဲ့ပေမဲ့ ဇန်နဝါရီ ၃ ရက်နေ့ ပေါက်ဈေးနဲ့နှိုင်းယှဉ်ပါက ရက်အနည်းငယ်အတွင်း ကျပ် ၂ သိန်းကျော် မြင့်တက်သွားတာကို တွေ့ရှိရပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်းတို့ကို ဝယ်ယူတင်သွင်းဖို့ မြန်မာနိုင်ငံနှင့် MoU လက်မှတ်ရေးထိုးပြီးလည်းဖြစ်ပါတယ်။

ဈေးနှုန်းအလားအလာက ဝယ်လက်နိုင်ငံရဲ့ ပြည်တွင်းဈေးနှုန်းအပေါ် မူတည်လျက်ရှိပြီး အိန္ဒိယရဲ့ ပြည်တွင်းဝယ်လိုအားအရ ပဲခွဲစက်တွေမှာ ပဲစင်းငုံလက်ကျန်နည်းပါးနေတာကြောင့် အဝယ်မြင့်တက်လာပါတယ်။

ပြည်တွင်းစိုက်ပျိုးတဲ့ ပဲစင်းငုံတွေ ၂၀၂၄ ဇန်နဝါရီလအတွင်း ဈေးကွက်ထဲရောက်ရှိလာနိုင်ပြီး ပြည်ပဈေးကွက်ဝယ်လိုအား ဆက်လက်ခိုင်မာလျက်ရှိတယ်လို့ သိရပါတယ်။

မြန်မာပဲစင်းငုံအထွက်တန်ချိန် ၂ ဒသမ ၅ သိန်း-၃ သိန်းခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး အိန္ဒိယအစိုးရရဲ့ အခြေခံရည်ညွှန်းဈေး MSP နှုန်းထက် ဈေးပိုပေးကာဝယ်ယူမှုကြောင့် ပဲစင်းငုံဈေးက အတက်ဘက်မှာ ဆက်လက်တည်ရှိနေနိုင်ကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ကိုင်သူ လုပ်ငန်းရှင်များက သုံးသပ်ထားပါတယ်။

**Source: BETV Business**

## STOCK EXCHANGE (5.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,050 (Shares) | 18,043,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 195 | 1,696,500 | 33,109,694 | 288,054 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,800 | 2,850 | 2,800 | 5,312 | 14,874,100 | 38,929,150 | 109,002 |
| MCB | 00003 | 8,100 | +200 | +2.53% | 7,600 | 8,100 | 7,600 | 27 | 215,700 | 10,400,986 | 84,248 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 201 | 311,600 | 29,664,613 | 47,463 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 6 | 15,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | -50 | -2.50% | 1,950 | 1,950 | 1,950 | 111 | 216,450 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 125 | 587,500 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 73 | 126,700 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.60 | -1.09 | -0.30% | 364.00 | 366.71 | 364.00 | 6,050 | 18,043,550 | 8 | 689,588 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 6,050 (Shares) | 18,043,550 (MMK) |

## Main Board

As of 1:00 pm, 5th Jan. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,050 (Shares) | 18,043,550 (MMK) |

| MYANPIX | 365.60 ▼ 1.09 |
|---|---|
| Total Volume (shares) | 6,050 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,588 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 200 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |